| စဉ် | အမည်၊ | ခန့်အပ်သည့်ရာထူး | ခန့်အပ်တာဝန်ချထားသည့်ရုံး |
|---|---|---|---|
| | **စစ်ကိုင်းတိုင်းဒေသကြီး** | | |
| (၁) | ဒေါ်သက်မာဝင်း | ဦးစီးအရာရှိ | ရွှေဘိုခရိုင် |
| (၂) | ဒေါ်နွယ်နွယ်အောင် | ။ | မြောင်မြို့နယ် |
| | **ပဲခူးတိုင်းဒေသကြီး** | | |
| (၃) | ဦးမောင်ချို | ဦးစီးအရာရှိ | ပဲခူးခရိုင် |
| | **မန္တလေးတိုင်းဒေသကြီး** | | |
| (၄) | ဦးဝင်းခိုင် | ဦးစီးအရာရှိ | ပုသိမ်ကြီးမြို့နယ် |
| (၅) | ဒေါ်ရည်မွန်ကျော်ဇော | ။ | မိတ္ထီလာခရိုင် |
| (၆) | ဒေါ်ခင်သီတာခိုင် | ။ | ရမည်းသင်းမြို့နယ် |

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက်)

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၅) ၏ သဘောတူညီချက်အရ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လစာနှုန်း (၁၆၀,၀၀၀- ၂,၀၀၀-၁၇၀,၀၀၀) တန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ဦးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စီမံရေးရာဌာန၌ လစ်လပ်လျက်ရှိသည့် လစာနှုန်းတူ လက်ထောက်ညွှန်ကြားရေးမှူးရာထူးနေရာသို့ ၂၀၁၅ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့သွတ်သွင်းခန့်ထားလိုက်သည်။

မြဝင်း၊

ဥက္ကဋ္ဌ၊

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကာကွယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၅

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၆ ရက် )

ကာကွယ်ရေးဝန်ကြီးဌာနသည် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁။ ဤနည်းဥပဒေများကို မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသည့် စကားရပ်များသည် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေတွင်ပါရှိသည့် စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကို ဆိုသည်။

(ခ) **မှတ်တမ်းဝင်အမွေခံဇနီး သို့မဟုတ် ခင်ပွန်း သို့မဟုတ် သားသမီး**ဆိုသည်မှာ တပ်ဝင်စာချုပ်၊ စာရွက်စာတမ်းများတွင် မှတ်တမ်းရေးသွင်းထားပြီး သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်၊ မှတ်တမ်းဌာနခွဲမှ အပိုင်း (၂) အမိန့် ထုတ်ပြန်ထားသည့် အရာရှိနှင့် အရာရှိမဟုတ်သော တပ်မတော်သားများ၏ ကိုယ်ရေးမှတ်တမ်းတွင် တရားဝင်ရေးသွင်းထားသော ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မွေးစားသားသမီး၊ မယားပါသားသမီး သို့မဟုတ် လင်ပါသားသမီးကို ဆိုသည်။

(ဂ) **အပိုင်း (၂) အမိန့်**ဆိုသည်မှာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော အရာရှိနှင့် အရာရှိမဟုတ်သော တပ်မတော်သားများ၏ တပ်မတော်တွင် စတင်ဝင်ရောက် အမှုထမ်းဆောင်သည့်နေ့မှ စစ်မှုထမ်းခြင်းရပ်စဲသွားသည့်နေ့အထိ ယင်းတို့နှင့်သက်ဆိုင်သော ဖြစ်စဉ်ဖြစ်ရပ်များအား အမိန့်အာဏာအဖြစ် အတည်ပြုနိုင်ရန် သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့များမှ ပေးပို့လာသော ဖြစ်စဉ်ပြန်တမ်းများအပေါ်တွင် အမှီပြု၍ ထုတ်ပြန်ပေးသော အမိန့်ကို ဆိုသည်။

### အခန်း (၂)

### မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများအတွက် ထောက်ပံ့စောင့်ရှောက်မှု

၃။ (က) တပ်မတော်ဆေးရုံတပ်မှူးသည် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများအား မသန်မစွမ်းမှု ရာခိုင်နှုန်းသတ်မှတ်ရန် နောက်ဆက်တွဲ (က) ပါ အရာရှိများအတွက် ပုံစံ ဆေး - ၃၇ နှင့် နောက်ဆက်တွဲ (ခ) ပါ အရာရှိမဟုတ်သူများအတွက် ပုံစံ ရေး - ၆၃ (ခ) တို့ကို ဖြည့်စွက်ပြီး သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့သို့ ပေးပို့ရမည်။

(ခ) သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့မှူးသည် နည်းဥပဒေ ၃ (က) အရ ပေးပို့သော ပုံစံတွင် လိုအပ်သော အချက်အလက်များနှင့် နောက်ဆက်တွဲ (ဂ) ပါ ပုံစံ ရေး - ၆၃ (က) တို့ကို ဖြည့်စွက်ပြီး သက်ဆိုင်ရာတပ်မတော်ဆေးရုံတပ်မှူးထံ ပြန်လည်ပေးပို့ရမည်။

(ဂ) သက်ဆိုင်ရာ တပ်မတော်ဆေးရုံတပ်မှူးသည် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားအား ဆေးခုံအဖွဲ့ဖြင့် စစ်ဆေးနိုင်ရေးအတွက် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးသို့ တင်ပြရမည်။

၄။ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးသည် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများအား စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာချို့ယွင်းမှုကြောင့် ဖြစ်ပေါ်သော မသန်မစွမ်းမှုနှင့် စစ်မှုထမ်းဆောင်ခြင်းကြောင့် ပိုမိုဆိုးဝါးလာသည်ဟု အကြောင်းပြ၍ရသည့် မသန်မစွမ်းမှုတို့နှင့်စပ်လျဉ်း၍ ယင်းတပ်မတော်သား၏ မသန်မစွမ်းမှုရာခိုင်နှုန်းကို သတ်မှတ်ရန် ဆေးရုံတပ်မှူးနှင့် ပါရဂူနှစ်ဦးပါဝင်သော ဆေးခုံအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

၅။ ဆေးခုံအဖွဲ့သည် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားအား မသန်မစွမ်းမှုရာခိုင်နှုန်းသတ်မှတ်ရန် ကိစ္စနှင့်စပ်လျဉ်း၍ စစ်ဆေးပြီး ဆေးခုံအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်၊ ပါရဂူ၏သဘောထားမှတ်ချက်နှင့် ပုံစံ ဆေး - ၃၇၊ ရေး - ၆၃ (ခ) နှင့် ရေး - ၆၃ (က) တို့ကို ပူးတွဲ၍ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးထံ ဆောလျင်စွာ တင်ပြရမည်။

၆။ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးသည် ဆေးခုံအဖွဲ့၏ တင်ပြချက်ကိုရရှိသည့်အခါ မသန်မစွမ်းမှုရာခိုင်နှုန်းသတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ရန် လိုအပ်ပါက ပြင်ဆင်သတ်မှတ်ခြင်းတို့ကို တပ်မတော်ဆေးတပ်ဖွဲ့ မသန်မစွမ်းစစ်မှုထမ်းများအား ဆေးခုံအဖွဲ့ဖြင့် စစ်ဆေးခြင်းဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီး ဆေးခုံအမှုတွဲကို သက်ဆိုင်ရာအခွင့်ရအာဏာပိုင်ထံ ဆက်လက်တင်ပြရမည်။

၇။ အခွင့်ရအာဏာပိုင်သည် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားနှင့်စပ်လျဉ်း၍ တပ်မတော်တွင် ကျေနပ်လောက်အောင် တာဝန်ထမ်းဆောင်ခဲ့ခြင်း ရှိ မရှိကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိက အာဏာအပ်နှင်းထားသည့် အဖွဲ့ကသော်လည်းကောင်း သတ်မှတ်ပြီး ဥပဒေပါထောက်ပံ့စောင့်ရှောက်မှုကို ရရှိစေရေးအတွက် ထောက်ခံချက်နှင့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးက မသန်မစွမ်းမှုရာခိုင်နှုန်း ၆၀ နှင့် အထက် သတ်မှတ်သော ထောက်ခံချက်ပူးတွဲ၍ ကာကွယ်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

## အခန်း (၃)

## သေဆုံးသော သို့မဟုတ် ကျဆုံးသောတပ်မတော်သားများအတွက် ထောက်ပံ့စောင့်ရှောက်မှု

၈။ သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့မှူးသည် သေဆုံးခြင်း သို့မဟုတ် ကျဆုံးခြင်းဖြစ်စဉ်နှင့် ယင်းသေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သား၏ မှတ်တမ်းဝင် အမွေခံအမည်၊ လိပ်စာနှင့် ဆွေမျိုးတော်စပ်ပုံတို့ကို နောက်ဆက်တွဲ (ဃ) မှ (ဈ) အထိပါ ပုံစံများအနက် လိုအပ်သည့်ပုံစံကို အသုံးပြု၍ ပြည့်စုံစွာဖြည့်စွက်ပြီး သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အခွင့်ရအာဏာပိုင်ထံ တင်ပြရမည်။

၉။ အခွင့်ရအာဏာပိုင်သည် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားနှင့်စပ်လျဉ်း၍ တပ်မတော်တွင် ကျေနပ်လောက်အောင် တာဝန်ထမ်းဆောင်ခဲ့ခြင်း ရှိ မရှိကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိက အာဏာအပ်နှင်းထားသည့်အဖွဲ့ကသော်လည်းကောင်း သတ်မှတ်ပြီး ဥပဒေပါ ထောက်ပံ့စောင့်ရှောက်မှု ရရှိစေရေးအတွက် ထောက်ခံချက်နှင့် နည်းဥပဒေ ၈ ပါ လိုအပ်သည့် ပုံစံများပူးတွဲ၍ ကာကွယ်ရေးဝန်ကြီး ဌာနသို့ တင်ပြရမည်။

၁၀။ အခွင့်ရအာဏာပိုင်သည် နည်းဥပဒေ ၈ အရ တင်ပြချက်ကို ရရှိလျှင် ဥပဒေနှင့်အညီ ထောက်ပံ့စောင့်ရှောက်မှုပြုနိုင်ရေးအတွက် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သား၏ သေဆုံးခြင်း သို့မဟုတ် ကျဆုံးခြင်းဖြစ်စဉ်နှင့် ယင်းသေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သား၏ မှတ်တမ်းဝင် အမွေခံ မှန်ကန်မှု ရှိ မရှိတို့ကို စိစစ်ပြီး မိမိ၏ သဘောထားမှတ်ချက်ဖော်ပြ၍ ကာကွယ်ရေးဝန်ကြီးဌာနသို့ ဆောလျင်စွာတင်ပြရမည်။

၁၁။ ကာကွယ်ရေးဝန်ကြီးဌာနသည် နည်းဥပဒေ ၇ အရ အခွင့်ရအာဏာပိုင်၏ တင်ပြချက်ကို လက်ခံရရှိလျှင် ပူးတွဲပါ တပ်မတော်တွင် ကျေနပ်လောက်အောင် တာဝန်ထမ်းဆောင်ခဲ့ကြောင်း ထောက်ခံချက်နှင့် မသန်မစွမ်းမှုရာခိုင်နှုန်း သတ်မှတ်ချက်ကိုလည်းကောင်း၊ နည်းဥပဒေ ၉ အရ အခွင့်ရအာဏာပိုင်၏ တင်ပြချက်ကိုရရှိလျှင် ပူးတွဲပါ တပ်မတော်တွင် ကျေနပ်လောက်အောင် တာဝန်ထမ်းဆောင်ခဲ့ကြောင်း ထောက်ခံချက်နှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသောတပ်မတော်သား၏ မှတ်တမ်းဝင်အမွေခံ မှန်ကန်ကြောင်း ထောက်ခံချက်ကိုလည်းကောင်း စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၂။ ကာကွယ်ရေးဝန်ကြီးဌာနသည် -

(က) သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သား၏ ကျန်ရစ်သူ မှတ်တမ်းဝင်အမွေခံများ အနက် ဥပဒေပါ ထောက်ပံ့စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ထောက်ပံ့စောင့်ရှောက်မှု ရခွင့်ရှိသူကို အောက်ပါအတိုင်း ဦးစားပေးရွေးချယ်သတ်မှတ်ရမည် -

(၁) သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သား၏ မှတ်တမ်းဝင်အမွေခံ ဇနီး သို့မဟုတ် ခင်ပွန်း၊

(၂) မှတ်တမ်းဝင်အမွေခံ ဇနီး သို့မဟုတ် ခင်ပွန်းမရှိပါက မှတ်တမ်းဝင်အမွေခံ သား သို့မဟုတ် သမီး။

(ခ) သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သား၌ မှတ်တမ်းဝင် အမွေခံသား၊ သမီး နှစ်ဦးနှင့် အထက်ရှိပါက ထောက်ပံ့စောင့်ရှောက်မှုကို ယင်းမှတ်တမ်းဝင်အမွေခံ သား၊ သမီးများအား အညီအမျှခံစားခွင့်ပြုရမည်။

၁၃။ တပ်ရင်း၊ တပ်ဖွဲ့တွင်မနေဘဲ အခြားဒေသတွင် နေထိုင်သည့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သား၏ မှတ်တမ်းဝင်အမွေခံနှင့်ပတ်သက်၍ သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့မှူးသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မှတ်တမ်းဝင်အမွေခံ နေထိုင်သည့်ဒေသရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့သို့ စာ သို့မဟုတ် ကြေးနန်းဖြင့် ဆက်သွယ်၍ရှာဖွေခြင်း၊

(ခ) မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့များသို့ ဆက်သွယ်၍ရှာဖွေခြင်း၊

(ဂ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ အကြောင်းကြား၍ ရှာဖွေခြင်း၊

(ဃ) တိုင်းစစ်ဌာနချုပ်အချင်းချင်း ညှိနှိုင်းရှာဖွေနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်သို့ တင်ပြခြင်း၊

(င) နီးစပ်ရာ တပ်ရင်း၊ တပ်ဖွဲ့များသို့ မှတ်တမ်းဝင်အမွေခံက ဆက်သွယ်သတင်းပို့နိုင်ရန် တပ်မတော် အသံလွှင့်ဌာနများ၊ သတင်းစာ၊ ဂျာနယ်များသို့ အကြောင်းကြားဆောင်ရွက်ခြင်း။

၁၄။ (က) သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သား၏ မှတ်တမ်းဝင်အမွေခံကို ခြောက်လပြည့်သည်အထိ နည်းဥပဒေ ၁၃ နှင့်အညီ ရှာဖွေသော်လည်း သက်ဆိုင်ရာ မှတ်တမ်းဝင် အမွေခံကို ရှာဖွေတွေ့ရှိခြင်းမရှိပါက သက်ဆိုင်ရာတပ်ရင်း၊ တပ်ဖွဲ့မှူးသည် မှတ်တမ်းဝင်

အမွေခံ ရှာဖွေဆောင်ရွက်ဆဲစာရင်းတွင် ရေးသွင်းမှတ်တမ်းတင်ထားပြီး သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်သို့ ဆက်လက်တင်ပြရမည်။

(ခ) သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သား၏ မှတ်တမ်းဝင်အမွေခံက လာရောက် ဆက်သွယ်လျှင် သက်ဆိုင်ရာတပ်ရင်း၊ တပ်ဖွဲ့မှူးသည် ဥပဒေနှင့်အညီ ထောက်ပံ့စောင့်ရှောက်မှု ခံစားခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးရမည်။

## အခန်း (၄)

## ထောက်ပံ့စောင့်ရှောက်မှု ခံစားခွင့်ရပ်စဲခြင်း

၁၅။ (က) ဥပဒေပုဒ်မ ၄ အရ ထောက်ပံ့စောင့်ရှောက်မှု ခံစားခွင့်ရှိသူတစ်ဦးသည် တည်ဆဲဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထောင်ဒဏ်ငါးနှစ်နှင့် အထက် ပြစ်ဒဏ်ချမှတ်ခံရပါက ယင်းခံစားလျက်ရှိသည့် ထောက်ပံ့စောင့်ရှောက်မှုကို ရပ်စဲ သင့်ကြောင်း အခွင့်ရအာဏာပိုင်က သဘောထားမှတ်ချက်ဖော်ပြ၍ ကာကွယ်ရေးဝန်ကြီး ဌာနသို့ တင်ပြရမည်။

(ခ) ဥပဒေပုဒ်မ ၅ အရ ထောက်ပံ့စောင့်ရှောက်မှုခံစားခွင့်ရှိသူတစ်ဦးသည် တည်ဆဲဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထောင်ဒဏ်သုံးနှစ်နှင့် အထက် ပြစ်ဒဏ်ချမှတ်ခံရပါက ယင်းခံစားလျက်ရှိသည့် ထောက်ပံ့စောင့်ရှောက်မှုကို ရပ်စဲ သင့်ကြောင်း အခွင့်ရအာဏာပိုင်က သဘောထားမှတ်ချက်ဖော်ပြ၍ ကာကွယ်ရေးဝန်ကြီး ဌာနသို့ တင်ပြရမည်။

(ဂ) ဥပဒေပုဒ်မ ၄ သို့မဟုတ် ၅ အရ ထောက်ပံ့စောင့်ရှောက်မှုခံစားလျက်ရှိသူသည် မြန်မာနိုင်ငံသား အဖြစ်မှ နိုင်ငံခြားသားအဖြစ်သို့ ကူးပြောင်းခဲ့လျှင် ယင်းခံစားလျက်ရှိသည့် ထောက်ပံ့ စောင့်ရှောက်မှုကို ရပ်စဲသင့်ကြောင်း အခွင့်ရအာဏာပိုင်က သဘောထားမှတ်ချက်ဖော်ပြ၍ ကာကွယ်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၆။ ကာကွယ်ရေးဝန်ကြီးဌာနသည် နည်းဥပဒေ ၁၅ အရ အခွင့်ရအာဏာပိုင်၏ တင်ပြချက်ကို လက်ခံ ရရှိလျှင် အဆုံးအဖြတ်ပေးခြင်းပြုပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

## အခန်း (၅)

## အထွေထွေ

၁၇။ ကာကွယ်ရေးဝန်ကြီးဌာနသည် ဤနည်းဥပဒေများအရ တင်ပြချက်များအပေါ် ပြည်ထောင်စုအစိုးရ အဖွဲ့၏ ဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၈။ ကာကွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၄) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) ဝေလွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကာကွယ်ရေးဝန်ကြီးဌာန။

**CONFIDENTIAL**

**နောက်ဆက်တွဲ (က)**

## PROCEEDINGS OF A MEDICAL BOARD

(This form will be used for officers and nurses claiming wound, injury or disability pensions of gratuities)

(Officers and Nurses)

Station ________________.

Date ________________.

1. Rank and Name ____________________
2. Unit ________________ 3. ________________
4. Age ________________
5. Total Services ________________
6. Service Abroad ________________

| FROM | TO | COUNTRY |
|---|---|---|
| | | |
| | | |
| | | |

7. Address (Permanent) ____________________

**STATEMENT OF CASE**

**NOTE -** (a) In answering the following questions the Board will carefully discriminate between the officer's statements and evidence recorded in his medical documents.

(b) Medical certificates, radiographs or photographs (especially in cases of gross facial deformity) should be attached.

(c) When there is more than one disability, they should be distinguished by numerals.

8. Actual date of commencement of absence from duty ____________________
9. Disability ____________________

____________________

10. Date of origin of disability ____________________
11. Place of origin of disability ____________________
12. Give concisely the essential facts of the history of the disability.

Note - Board subsequent to the first should record here the progress of the case since the last medical examination.

____________________

____________________

13. Describe in detail the officer's present condition - ____________________

____________________

14. AMPUTATION CASES, Has an artificial limb, temporary or permanent, been satisfactorily fifted ? ____________________

____________________

**CONFIDENTIAL**

Say - 37

**CONFIDENTIAL**

2

## OPINION OF THE MEDICAL BOARD

NOTE - 1. The board will on no account inform the officer of their opinion on questions 1 to 22 inclusive.

2. Clear and decisive answers should be filled in by the Board. Expression such as "may", "might", "probably" should be avoided if possible.

3. When there is more than one disability the replies will distinguish between them.

4. Before answering the following questions the Board should refer to the Regulations for the Medical Services of the Army in Myanmar, paragraphs 398, 399, 406 and 408.

15. Was the disability contracted before entering the service? ____________________

16. A. WOUND OR INJURY -

Was the disability incurred: - (1) In action? ____________________

(2) Other than in action? ____________________

B. DISEASE -

(1) Officer of the Myanmar Army and members of the B.M.N.S -

(a) What exactly is the Board's opinion as to the causation of the disability?

____________________

(b) If the disability originated during military services, the Board will state whether any specific military condition of circumstances determined its origin, and, if so, describe them? ____________________

____________________

(c) If the disability originated other than during military services, do the Board consider, that military conditions have brought to light a latent disease or hastened the progress of the disability? ____________________

____________________

If so, detailed reasons for the opinion should be given and the Board should state: -

(l) Whether any such effect of military conditions have passed away

____________________

(ll) By what date they expect any such effects to have disappeared, leaving the condition in that stage which would normally have been reached by the mere passage of time: - ____________________

Note : - Medical Boards are not called upon to give an opinion as to whether a disability is attributable to service. Their function is to record all the facts as to the causation of the disability and the Ministry of Defence will decide whether a disability is or is not to be regarded as attributable to military services (vide Regulations for the Medical Services of the Army, paragraph 512).

**CONFIDENTIAL**

**CONFIDENTIAL**

3

(ll) Personnel of the Defence Services -

The Board will state exactly their opinion on the question of "attributability", "aggravation" or nonconnection of disabilities with services showing on what facts they have based their opinion or their reasons for arriving at a conclusion (See Regulations for the Medical Services of the Army in Myanmar, paragraphs 397 and 398).

(a) Was the disability attributable to the officer's own negligence or misconduct? ____________________

(b) If not so attributable, was it aggravated by negligence or misconduct? ____________________

If so, in what way and to what percentage of the total disablement? ____________________

17. To what degree is the officer disabled at the present time? ____________________
(Degrees of disablement should be expressed in the following percentages-100,80,70,60,50,40,30,20 under 20 or nil. Total disablement - 100. Where more than one disability is present, the degree of disablement due to each should be shown separately.

18. How long will such degree persist? ____________________

19. What treatment is the officer receiving, and where, and from whom? ____________________

20. Is the officer in need of further medical or surgical treatment and if so, of what nature, and for how long is it likely to be required? ____________________

21. Does the officer required the constant attendance of another person? ____________________

22. (1) Is the officer fit for General duty? ____________________
(2) Is there a reasonable probability that he will ultimately be fit for General Duty? ____________________
(3) If so, after what period? ____________________

23. (1) If unfit for General Duty, is he fit for service at home? ____________________
(2) If not so fit how long is such unfitness likely to continue? ____________________

(Signature) ____________________
President

(Signature) ____________________
Member (1)

(Signature) ____________________
Member (2)

STATION. ____________________
DATE. ____________________

State here the orders given to the Officer By the President of the Board. } ____________________

* Delete whichever does not apply:

* Only to be answered by the board when specially instructed to do so by the convening authority.

* The definition of "General Duty" is-Service at home or abroad in Peace or in war.

**CONFIDENTIAL**

**နောက်ဆက်တွဲ (ခ)**

## စစ်သည်တစ်ဦးအား စစ်မှုထမ်းခြင်းမှ မစွမ်းမသန်ခြင်းကြောင့် ထွက်ခွင့်ပြုသည့်အခါ အသုံးပြုရမည့်ပုံစံ

**(ဤပုံစံကို ရေး ၆၃ (က) နှင့် ပူးတွဲတင်ပြရမည်။)**

**ဆေးစစ်အဖွဲ့မှ မှတ်တမ်း**

ကိုယ်ပိုင်အမှတ်၊ ____________ စစ်မှုထမ်းသက်၊ ____________ အဆင့်၊ ____________

အသက်၊ ____________ အမည်၊ ____________ ဆေးရုံတက်သည့်ရက်စွဲ၊ ____________

တပ်ရင်း/တပ်ဖွဲ့၊ ____________ မစွမ်းမသန်မှု၊ ____________

**ရောဂါအခြေအနေဖော်ပြချက်**

(ဤနေရာတွင် ကုသသူဆေးမှူးက အနာဒဏ်ရာ သို့မဟုတ် ရောဂါသည် မည်ကဲ့သို့ စတင်ပေါ်ပေါက်လာသည်၊ ယခုလက်ရှိအခြေအနေအရ ဆက်လက်၍ အမှုထမ်းရန် သင့်/မသင့်နှင့် ဆေးစစ်အဖွဲ့ ပြုလုပ်စစ်ဆေးသောအခါ လိုအပ်မည်ဟုထင်သော အချက်အလက်များကို ဖော်ပြရမည်။)

နေရာ၊ ____________ အမည်၊ ____________

ရက်စွဲ၊ ____________ အဆင့်၊ ____________

**ဆေးစစ်အဖွဲ့၏ ထင်မြင်ယူဆချက်များ**

**မှတ်ချက်။** ရွေးယူဖြေကြားရမည့် မေးခွန်းများတွင် မဆီလျော်သည့် အပိုဒ်များကို ပယ်ဖျက်ပါ။ (ဆေးစစ်အဖွဲ့၏ မှတ်ချက်များသည် အကြောင်းရင်းနှင့် စပ်ဆိုင်သည့် စည်းမျဉ်းဥပဒေများနှင့် အတိအကျ ကိုက်ညီစေရမည်။)

၁။ ဆေးစစ်အဖွဲ့က လူပုံပန်းသဏ္ဌာန် အမှတ်အသားများကို စစ်ဆေးပြီး၍ တပ်မှူး၏ထောက်ခံချက်၊ ကျန်းမာရေးအခြေအနေမှတ်တမ်းနှင့် ရောဂါအခြေအနေမှတ်တမ်းများကို ဖတ်ရှုစဉ်းစားပြီးလျှင် အောက်ပါအတိုင်း တွေ့ရှိသည် -

____________ တပ်ရင်း/တပ်ဖွဲ့မှ ကိုယ်ပိုင်အမှတ်၊ ____________ အဆင့်၊ ____________

အမည်၊ ____________ သည် (ရောဂါ/ဒဏ်ရာဖော်ပြပါ) ____________

ခံစားနေရသည်/ရရှိသည်။

၂။ ဆေးစစ်အဖွဲ့၏ ထင်မြင်ချက်မှာ မစွမ်းမသန်ဖြစ်ရခြင်းသည် -

(က) စစ်မှုထမ်းဆောင်ခြင်းနှင့် အကျုံးဝင်/မဝင်။ ____________

(ခ) စစ်မှုထမ်းခြင်းကြောင့် ရောဂါပိုမိုဆိုးရွားလာခြင်း ဟုတ်/မဟုတ်။ ____________

(ဂ) ဒဏ်ရာကြောင့်ဖြစ်လျှင် စစ်ဆင်ရေးတာဝန်ကြောင့် ဟုတ်/မဟုတ်။ ____________

**မှတ်ချက်။** အထက်အပိုဒ် (က) ပါ မေးခွန်းကို ဟုတ်မှန်သည်ဟု ဖြေဆိုလျှင် ရောဂါသည် -

(၁) စစ်မှုမထမ်းမီကပင် ဖြစ်ပေါ်ခဲ့သလား။ ____________

(၂) စစ်မှုထမ်းနေဆဲတွင် ဖြစ်ပေါ်ခဲ့သလား။ ____________

၂

**မှတ်ချက်။** အထက်အပိုဒ် (က) သို့မဟုတ် (ခ) ပါ မေးခွန်းကို ဟုတ်မှန်သည်ဟု ဖြေဆိုလျှင် ဖော်ပြပါ စစ်မှုထမ်းခြင်းသည် -

(၁) စစ်ဆင်ရေးတွင် စစ်မှုထမ်းခြင်းဖြစ်သလား။ ____________

(၂) စစ်မြေပြင်ဒေသတွင် စစ်မှုထမ်းခြင်းမဟုတ်ဘူးလား။ ____________

၃။ အထက်မေးခွန်း (၂) ၏ (က) သို့မဟုတ် (ခ) သို့မဟုတ် (ဂ) ပါ မေးခွန်းကို ဟုတ်မှန်ပါသည်ဟု ဖြေဆိုလျှင် မိမိတို့၏ထင်မြင်ချက်သည် မည်သည့်အကြောင်းအချက်များပေါ်တွင် မှီငြမ်းပြုသည်ကို ဖော်ပြပါ။ ____________

____________

၄။ အထက်မေးခွန်း (၂) ၏ (က) သို့မဟုတ် (ခ) ပါ မေးခွန်းများကို မဟုတ်ပါဟု ဖြေဆိုလျှင် -

(က) ရောဂါသည် စစ်တပ်ထဲဝင်ရောက်ရန် စာရင်းမသွင်းမီကပင် ရှိနေခြင်း ဟုတ်/မဟုတ်။

____________

(မည်သည့်အကြောင်းများနှင့် အထောက်အထားများပေါ်တွင် မူတည်၍ အထက်ပါအတိုင်း ထင်မြင်ယူဆခြင်းဖြစ်သည်ကို ဖော်ပြပါ။) ____________

____________

(ခ) စစ်သည်၏ ကျန်းမာမှုအခြေအနေသည် စစ်မှုထမ်းနေစဉ်အချိန်အတွင်း ဆုတ်ယုတ်လာသည်ဟု ဆေးစစ်အဖွဲ့က ထင်မြင်ပါသလား။ ____________

____________

(ထိုပုဂ္ဂိုလ်၏ ကျန်းမာရေးအခြေအနေသည် ဆုတ်ယုတ်လာခြင်းဖြစ်၍ ထိုသို့ ဆုတ်ယုတ်ခြင်းသည် စစ်မှုထမ်းခြင်းကြောင့် မဟုတ်ဟု ဆေးစစ်အဖွဲ့က ထင်မြင်ယူဆလျှင် မည်သည့် အထောက်အထားပေါ် မှီငြမ်းပြုသည်ကို ဖော်ပြပါ။) ____________

____________

(ဂ) စစ်မှုထမ်းခြင်း၏ မလွှဲသာသော အကြောင်းများကြောင့် ကျေနပ်လောက်အောင် ဆေးဝါးကုသခြင်း မရှိ သို့မဟုတ် အချိန်မီဆေးဝါးကုသခြင်း မပြုနိုင်သဖြင့် ယခုကဲ့သို့ ကျန်းမာမှုအခြေအနေ ဆုတ်ယုတ်လာခြင်းမဟုတ်ဟူ၍ ဆေးစစ်အဖွဲ့က ယုံကြည်ကျေနပ်ပါသလား။ ____________

____________

၅။ မစွမ်းမသန်မှုရာခိုင်နှုန်း မည်မျှရှိသနည်း။ ____________

____________

**(ရာခိုင်နှုန်းကို စာဖြင့် ရေးသားဖော်ပြပါ။)**

၆။ မစွမ်းမသန်မှု ယာယီ သို့မဟုတ် အမြဲတမ်း၊ ယာယီဖြစ်ခဲ့လျှင် ထောက်ခံသည့်ကာလ၊ မစွမ်းမသန်မှု ၁၀၀ ရာခိုင်နှုန်းဖြစ်လျှင် ကူဖော်/ဘီးတပ်ကုလားထိုင် လို/မလို။ ____________

____________

၇။ မစွမ်းမသန်မှုသည် အရက်သေစာသောက်စားခြင်းကြောင့် သို့မဟုတ် အဆိပ်ပါသော ဆေး (DRUG) များ စားခြင်းကြောင့် ဟုတ်/မဟုတ်။ ____________

____________

၃

၈။ (စစ်သည်၏အမည်)_______________ သည် မစွမ်းမသန်မှုပျောက်ကင်းအောင် ကုသမခံဘဲ အချိန်ဆွဲထားသည် သို့မဟုတ် မစွမ်းမသန်မှုကို ပိုမိုဆိုးရွားလာစေသည်ဟု ဆေးစစ်အဖွဲ့က လုံးဝယုံကြည်ခြင်း ရှိ/မရှိ။ _______________

၉။ (စစ်သည်၏အမည်) _______________ သည် အငြိမ်းစားလစာ သို့မဟုတ် ဆုကြေးရရှိရန် မစွမ်းမသန်မှုကို ကိုယ်တိုင်ဖန်တီးခြင်း ဟုတ်/မဟုတ်။ _______________

၁၀။ (က) (စစ်သည်၏အမည်) မစွမ်းမသန်မှုရာခိုင်နှုန်း လျော့နည်းလာစေလိမ့်မည်ဟုထင်သော သို့မဟုတ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်အောင် ကျန်းမာသန်စွမ်းလာစေလိမ့်မည်ဟုထင်သော ဆေးဝါးကုသခြင်း / ခွဲစိတ်ကုသခြင်း မျိုးကို ခံယူရန် လုံလောက်သော အကြောင်းပြချက်မရှိဘဲ ငြင်းဆိုခြင်း ဟုတ်/မဟုတ်။ _______________

(ခ) ဤကဲ့သို့ ငြင်းဆိုခြင်းသည် လျော်ကန်သင့်မြတ်ခြင်း ရှိ/မရှိ။ _______________

ဥက္ကဋ္ဌ _______________

အဖွဲ့ဝင်များ _______________

_______________

နေရာ၊ _______________

ရက်စွဲ၊ _______________

**အတည်ပြုသည်။**

နေရာ၊ _______________ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး

ရက်စွဲ၊ _______________

ကိုယ်ပိုင်အမှတ်၊ __________ အဆင့်၊ __________ အမည်၊ __________ အား __________ ခုနှစ်၊ __________ လ၊ __________ ရက်မှစ၍ တပ်မတော်မှ ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း အတည်ပြုပါသည်။

**[ရေး ၆၃ (က) ၏ အပိုင်း (၂) အပိုဒ် (၃) တွင် ဖော်ပြသည့် ရက်စွဲကို ထည့်သွင်းရမည်။]**

နေရာ၊ _______________ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ မှတ်တမ်းဌာနခွဲ

ရက်စွဲ၊ _______________

၄

မစွမ်းမသန်မှု အငြိမ်းစားလစာ အမှုအတွက်သာ လက်ဗွေပုံစံများ လိုအပ်သည်ဖြစ်၍ ဆေးစစ်အဖွဲ့၏ ရှေ့မှောက်တွင် နှိပ်ယူရမည်။ သို့ရာတွင် ဆေးစစ်အဖွဲ့ဝင် တစ်ဦးတည်းသာ လက်ချောင်းနှင့် လက်ဗွေပုံစံများ နှိပ်ယူခြင်းဖြစ်ကြောင်း သက်သေခံလက်မှတ်ရေးထိုးရန် လိုသည်။

ကိုယ်ပိုင်အမှတ်၊ ________________ အဆင့်၊ ________________ အမည်၊ ________________ ၏ လက်ဝဲဘက်လက်မနှင့် လက်ချောင်းများ၏ လက်ဗွေပုံစံများ -

| (သန်း) | (ကြွယ်) | (လယ်) | (ညှိုး) | (မ) |
| --- | --- | --- | --- | --- |
| | | | | |

**ကျွန်ုပ်၏ ရှေ့မှောက်တွင် လက်ဗွေနှိပ်ယူသည်။**

အရာရှိအမည်၊ ____________________

ရာထူး၊ ____________________

ရက်စွဲ၊ ____________________ အရာရှိလက်မှတ်

---

**(ငွေစာရင်းဌာနခွဲ အငြိမ်းစားလစာဌာနစိတ်က ဖြည့်စွက်ရမည်။)**

မစွမ်းမသန်မှု အငြိမ်းစားလစာငွေ/လျော်ကြေး____________ ကျပ်______ပြားကို အငြိမ်းစားလစာ ထုတ်ပြန်ချက်အမှတ်၊ ________________ အမှတ်စဉ်၊ ______________ အရ ခွင့်ပြုသည်။

စာရင်းကိုင် ရုံးအုပ် ဦးစီးအရာရှိ

**ရေး-၆၃ (ခ)**

နောက်ဆက်တွဲ (ဂ)

**စစ်သည်တစ်ဦးအား -**

## စစ်မှုထမ်းခြင်းမှ သာမန်အကြောင်းများကြောင့် ထွက်ခွင့်ပြုခြင်း
## စစ်မှုထမ်းခြင်းမှ မစွမ်းမသန်ခြင်းကြောင့် ထွက်ခွင့်ပြုခြင်း
## စစ်မှုထမ်းခြင်းမှ အမြဲတမ်းထုတ်ပစ်ခြင်း

**(မလိုသောအကြောင်းကို ပယ်ဖျက်ပါ)**

## အပိုင်း (၁)

**(ဤအပိုင်းကို သက်ဆိုင်ရာတပ်မှူးက ဖြည့်သွင်းရမည်။)**

| အမှတ်စဉ် | စစ်သည်နှင့်ပတ်သက်သည့်အကြောင်းအရာ | ဖြည့်သွင်းချက် |
|---|---|---|
| ၁ | ကိုယ်ပိုင်အမှတ် | |
| ၂ | အဆင့် | |
| ၃ | အမည် | |
| ၄ | တပ်ရင်း/တပ်ဖွဲ့ | |
| ၅ | မွေးနေ့ ခုနှစ် သက္ကရာဇ် | |
| ၆ | စစ်မှုထမ်းအဖြစ် စာရင်းသွင်းသည့် ရက်စွဲ | |
| ၇ | အဆင့်တိုးမြှင့်ခြင်းခံရသည့် ရက်စွဲများ - | ခု လ ရက် |
| | ဒုတိယတပ်ကြပ် | |
| | တပ်ကြပ် | |
| | တပ်ကြပ်ကြီး | |
| | တပ်ခွဲ/အုပ်ခွဲ တပ်ကြပ်ကြီး | |
| | ဒုတိယ အရာခံဗိုလ် | |
| | အရာခံဗိုလ် | |
| ၈ | နောက်ဆုံးရရှိသည့် လစာနှုန်းထား - | ကျပ် ပြား |
| | (က) မူရင်းလစာ | |
| | (ခ) အရည်အချင်း လစာ | |
| | (ဂ) အိမ်ငှားစရိတ် | |
| | (ဃ) | |
| | (င) | |
| ၉ | အကျင့်စာရိတ္တ (ကာကွယ်ရေးဌာနကောင်စီအမိန့်အမှတ်၊ ၉၅/၇၃ အရ မည်သည့် အကျင့်စာရိတ္တမျိုးဖြစ်သည်ကို သတ်မှတ်ဖော်ပြရမည်။ ဖော်ပြရာ၌ သတ်မှတ်သည့် အကျင့်စာရိတ္တအမျိုးအစားကို ချန်လှပ်၍ မလိုသော ကျန်အမျိုးအစားများအားလုံးကို မင်နှင့်တား၍ ဖျက်ပြီးလျှင် ဖျက်သည့်အကြောင်းများတွင် တပ်မှူးက လက်မှတ်ရေးထိုးရမည်။) | ကောင်း<br>သင့်<br>ညံ့<br>မကောင်း |

၂

၁၀ အထက်အပိုဒ်စာတွင် " သင့် " " ညံ့ " " မကောင်း " ဟု သတ်မှတ်ဖော်ပြလျှင် မည်သည့်အကြောင်းကြောင့် ဤအကျင့်စာရိတ္တမျိုး သတ်မှတ်ရသည်ကို ဖော်ပြပါ။ . . . . . . . . . . . . . . . . . . . .

၁၁ အငြိမ်းစားလစာဆုကြေးအတွက် ရေတွက်ခွင့် ရရှိသော ယခင်အမှုထမ်းသက်များ (အပိုင်း ၂) အမိန့်အမှတ်စဉ် ရက်စွဲကို ဖော်ပြပါ။ . . . . . . . . . . . . . . . . . . . .

၁၂ အငြိမ်းစားယူပြီးနောက် ရခွင့်ရှိသော အခြားစရိတ်များ -

(က) အောင်ဆန်းသူရိယ

(ခ) သီဟသူရ

(ဂ) သူရ

(ဃ) စစ်မှုထမ်းကောင်းတံဆိပ်

| စရိတ်ငွေ | | အမိန့်အာဏာ |
|---|---|---|
| ကျပ် | ပြား | |
| | | |

၁၃ အငြိမ်းစားယူရန် ပြင်ဆင်သည့်ခွင့်ရက်ပေါင်း။ . . . . . . . . . . . . . . . . . . . .

၁၄ အငြိမ်းစားရယူရန် ပြင်ဆင်သည့်ခွင့်စတင်သည့်ရက်စွဲ . . . . . . . . . . . . . . . . . . . .

၁၅ မည်သည့် တပ်မတော်နည်းဥပဒေအရ ထွက်ခွင့်ပြုရသည့် အကြောင်းရင်း။ . . . . . . . . . . . . . . . . . . . .

၁၆ စစ်သည်သည် တပ်မှ ထွက်ခွင့်ရပြီးနောက် အမြဲတမ်း နေထိုင်မည့် နေရပ်လိပ်စာ အပြည့်အစုံ။ . . . . . . . . . . . . . . . . . . . .

(က) အိမ်အမှတ် . . . . . . . . . . . . . . . . . . . .

(ခ) လမ်း . . . . . . . . . . . . . . . . . . . .

(ဂ) ရပ်/ရွာ . . . . . . . . . . . . . . . . . . . .

(ဃ) မြို့/မြို့နယ် . . . . . . . . . . . . . . . . . . . .

(င) ပြည်နယ်/တိုင်း . . . . . . . . . . . . . . . . . . . .

၁၇ အငြိမ်းစားလစာ/ဆုကြေးငွေ ထုတ်ယူမည့်ဘဏ် (စစ်သည်ဟောင်းနေထိုင်မည့်အမြဲတမ်းနေရပ်လိပ်စာနှင့် အနီးဆုံးဘဏ်ဖြစ်ရမည်။) . . . . . . . . . . . . . . . . . . . .

၁၈ ယခင်က အငြိမ်းစားလစာ/ဆုကြေးရခဲ့ဖူးဖြစ်လျှင် အငြိမ်းစားလစာ ထုတ်ယူခွင့် အမိန့်နှင့်ရက်စွဲ။ . . . . . . . . . . . . . . . . . . . .

၁၉ အငြိမ်းစားလစာ ရယူခွင့်အမိန့်မကျမီသော်လည်းကောင်း၊ အမိန့်ကျပြီး ငွေမထုတ်ရသေးမီသော်လည်းကောင်း သေဆုံးလျှင်ထုတ်ယူရန် ကျန်ရှိသည့် အငြိမ်းစားလစာငွေကို မည်သူ့အား ထုတ်ပေးစေလိုသည်။ (အမွေခံအမည်၊ အမျိုးသား မှတ်ပုံတင်အမှတ်၊ ဆွေမျိုးတော်စပ်ပုံနှင့် နေရပ်လိပ်စာတို့ကို ဖော်ပြပါ။) . . . . . . . . . . . . . . . . . . . .

၇

၂၀ ထွက်ခွင့်ပြုသည့် စစ်သည် -

(က) ထိုးမြဲလက်မှတ် . . . . . . . . . . . . . . . . . .

(ခ) အမျိုးသားမှတ်ပုံတင်အမှတ် . . . . . . . . . . . . . . . . . .

(ဂ) လက်ဝဲဘက်လက်ချောင်းများ၏ လက်ဗွေပုံစံ -

| (သန်း) | (ကြွယ်) | (လယ်) | (ညှိုး) | (မ) |
|---|---|---|---|---|
| | | | | |

အထက်ပါ ဖြည့်သွင်းချက်များသည် ဤတပ်ရင်း/တပ်ဖွဲ့ရှိ မှတ်တမ်းများ၊ သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် နှိုင်းယှဉ်ဖြည့်သွင်းထားခြင်းဖြစ်၍ မှန်ကန်ပါကြောင်း။

နေရာ၊ ____________________

ရက်စွဲ၊ ____________________ တပ်မှူးလက်မှတ်

**မှတ်ချက်။** တပ်မတော်အက်ဥပဒေပုဒ်မ ၁၈ နှင့် နည်းဥပဒေ ၁၃ ပါ ဇယားအရ အထက်အာဏာပိုင်၏ ခွင့်ပြုချက်ကို ရယူလိုသည့် အမှုများကို တိုင်းစစ်ဌာနချုပ်ထံ တင်ပြ၍ ခွင့်ပြုချက် ရယူရမည်။

**ခွင့်ပြုသည်**

နေရာ၊ ____________________ တိုင်းမှူး

ရက်စွဲ၊ ____________________ . . . . . . . . . . . . . . . . တိုင်းစစ်ဌာနချုပ်

# အပိုင်း (၂)

**[ဤအပိုင်းကို ဦးစီးအရာရှိ (ပထမတန်း)၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ မှတ်တမ်းဌာနခွဲက ဖြည့်စွက်ရမည်။]**

၁။ ပုံစံပါ အချက်အလက်များကို ဤရုံးရှိ မှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ကြောင်း တွေ့ရှိရပါသည်။

၂။ တပ်တွင် အကျင့်စာရိတ္တ သတ်မှတ်ချက်မှာ “ကောင်း/သင့်/ညံ့/မကောင်း” ဖြစ်ပါသည်။

၃။ စစ်သည်အား အငြိမ်းစားယူရန် ပြင်ဆင်သည့် ခွင့်ရက်ကုန်ဆုံးသော ____________ နေ့မှ စ၍ အပိုင်း (၂) အမိန့် အမှတ်စဉ် ____________ အရ အင်အားလျှော့လိုက်သည်။

နေရာ၊ ____________ ဦးစီးအရာရှိ (ပထမတန်း)

ရက်စွဲ၊ ____________ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ မှတ်တမ်းဌာနခွဲ

# အပိုင်း (၂)

**(ဤအပိုင်းကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ ငွေစာရင်းဌာနခွဲမှ ဖြည့်စွက်ရမည်။)**

**ကျပ်** **ပြား**

၁။ (က) စစ်မှုထမ်းသက်ဆုကြေး ____________

(ခ) အငြိမ်းစားဆုကြေး ____________

(ဂ) စစ်မှုထမ်းသက်အငြိမ်းစားလစာကို ____________

အငြိမ်းစားလစာထုတ်ပေးခွင့် အမိန့်လွှာအမှတ်၊ . . . . . . . . . . . . . . . . . . .

. . . . . . . . . . . အပိုင်း . . . . . . . . . . . . . အမှတ်စဉ် . . . . . . . . . . . . . ရက်စွဲ . . . . . . . . . . . . . .

နေရာ၊ ____________ ဦးစီးအရာရှိ

ရက်စွဲ၊ ____________ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ ငွေစာရင်းဌာနခွဲ

**ရေး - ၆၃ (က)**

**[ ဆက်လက်ဖော်ပြပါမည်။ ]**

**[ ယခင်အပတ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စည်ပင်သာယာရေးဥပဒေ ( ၂၀၁၄ ခုနှစ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေအမှတ် ၁/၂၀၁၄ ) မှ အဆက် ]**

## အခန်း (၆)
## မြို့နယ်ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၁၆။ မြို့နယ်ကော်မတီသည် ဒေသကော်မတီ၏ ခွင့်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့်သက်ဆိုင်သော အခွန်အမျိုးအစားနှင့် နှုန်းထားသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ထံမှဖြစ်စေ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများထံမှဖြစ်စေ၊ တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မိမိတာဝန်ဖြင့်ငွေချေးယူခြင်း၊ အထောက်အပံ့များရယူခြင်း။

(ဂ) ပြည်တွင်းပြည်ပ အဖွဲ့အစည်း သို့မဟုတ် ပြည်တွင်းပြည်ပ ပုဂ္ဂိုလ်တို့နှင့် ဆက်သွယ်၍ စည်ပင်သာယာရေး အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

(ဃ) အဆောက်အအုံများ ငှားရမ်း၍ဖြစ်စေ၊ မြေများငှားရမ်း၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေရရှိသည့် နိုင်ငံခြားငွေကို တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများ အတွက် သုံးစွဲခြင်း။

(င) နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့် သတ်မှတ်ထားသည့်အဆောက်အအုံများမှအပ နိုင်ငံပိုင် အခြားအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း တို့နှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို တင်ပြခြင်း။

(စ) စည်ပင်သာယာရေးဌာနပိုင်မြေတွင် မည်သည့်ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းမျှ ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း။

(ဆ) စည်ပင်သာယာရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်နိုင်စေရန်အတွက် မြို့နယ်ကော်မတီဝင်များနှင့် ဝန်ထမ်းများအရည်အသွေး မြင့်မားတိုးတက်စေရန် ပြည်တွင်းပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်စေခြင်းနှင့် လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်း။

(ဇ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းနှင့်ဒေသအလိုက် အဖွဲ့ငယ်များဖွဲ့စည်း၍ ဆောင်ရွက်ခြင်း။

(ဈ) စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လမ်းနယ်နိမိတ်တွင် စိုက်ပျိုးထားသော နှစ်ရှည်သီးပင်၊ စားပင်၊ အရိပ်ရပင်များ၊ လမ်းဘေးဝဲယာ၊ လမ်းလယ်ကျွန်းများနှင့် လမ်းလယ်အဝိုင်းပတ်များတွင် စိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင်များကို မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ချိုးဖဲ့ခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် ခုတ်လှဲခြင်းမပြုရန် ကြီးကြပ်ဆောင်ရွက်ခြင်း။

(ည) စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဟိုတယ်ဇုန်၊ ကျောက်မျက်ဇုန်၊ စက်မှုဇုန်၊ စီးပွားရေးဇုန် စသည့် လုပ်ငန်းသဘောသဘာဝတူညီရာများ စုစည်းတည်ရှိနေသည့် နယ်ပယ်ဒေသများကို စီစဉ်ဖော်ထုတ်သတ်မှတ်ခြင်း၊ ကော်မတီက စီမံခန့်ခွဲခြင်း သို့မဟုတ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက စီမံခန့်ခွဲစေခြင်း။

(ဋ) ပုဂ္ဂလိကလုပ်ငန်းရှင်များအား လမ်း၊ တံတား တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပေးရေးနှင့် သန့်ရှင်းရေးစသည့် ဝန်ဆောင်မှုလုပ်ငန်းများကို အပ်နှံဆောင်ရွက်ခွင့်ပြုခြင်း။

၁၇။ မြို့နယ်ကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ စည်းကမ်းများ ရေးဆွဲတင်ပြခြင်း။

(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဌာနရန်ပုံငွေဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

(ဂ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းများအလိုက် အဖွဲ့ငယ်များဖွဲ့စည်း၍ ဆောင်ရွက်ခြင်း။

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ခေတ်မီတိုးတက်သည့် နည်းလမ်းများ၊ စနစ်များဖြင့် ဆောင်ရွက်ခြင်း။

(င) လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

(စ) ဦးစီးအဖွဲ့ သို့မဟုတ် ဒေသကော်မတီက အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း။

## အခန်း (၇)
## အခွန်စည်းကြပ်ကောက်ခံခြင်း

၁၈။ မြို့နယ်ကော်မတီသည် ဒေသကော်မတီ၏ ခွင့်ပြုချက်ဖြင့် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါအခွန်များကို စည်းကြပ်ကောက်ခံနိုင်သည် -

(က) အဆောက်အအုံနှင့်မြေခွန်။

(ခ) ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်။

(ဂ) ယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးတိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်။

(ဃ) ပြင်ပမှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက်ဖြတ်သန်း၊ သွားလာ၊ ရပ်နားသော ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်။

(င) ဤဥပဒေက ခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ။

၁၉။ မြို့နယ်ကော်မတီသည် ဒေသကော်မတီ၏ ခွင့်ပြုချက်ဖြင့် အောက်ပါအချက်များအပေါ် အခြေခံ၍ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်းပြုရမည် -

(က) အဆောက်အအုံနှင့် မြေခွန်တို့ကို စည်းကြပ်ရာတွင် တစ်နှစ်စံငှားရမ်းခတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းထက်မပိုစေဘဲ ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကို လက်ရှိနေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်။

(ခ) အစိုးရအဖွဲ့ကဖြစ်စေ၊ ဦးစီးအဖွဲ့ကဖြစ်စေ စီမံခန့်ခွဲသော ပုဂ္ဂလိက အဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် ယင်းအဆောက်အအုံနှင့် မြေမှဝင်ငွေအားလုံး၏ ၅ ခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရန်။

(ဂ) ဝန်ဆောင်ခွန်များ စည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ်မျှတစေရန်။

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်။

(င) အမှိုက်နှင့် အညစ်အကြေးခွန်ကို စွန့်ပစ်သည့် အမှိုက်အမျိုးအစားနှင့် ပမာဏအပေါ် မူတည်၍ သိမ်းဆည်းသယ်ဆောင်ခအဖြစ် သတ်မှတ်ကောက်ခံရန်။

၂၀။ မြို့နယ်ကော်မတီသည် အဆောက်အအုံနှင့်မြေခွန်၊ ဝန်ဆောင်ခွန်များ စည်းကြပ်ကောက်ခံရန် အဆောက်အအုံနှင့်မြေ၏ တစ်နှစ်ငှားရမ်းခတန်ဖိုးကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၂၁။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းလိုင်စင်ခများ၊ အဖွဲ့ပိုင် ဈေးများမှ ဈေးဆိုင်ခန်းခ၊ ဈေးကောက်များနှင့် ပုဂ္ဂလိကဈေးများ တည်ဆောက်ခွင့်လိုင်စင်ခတို့နှင့် အခြားအခွန်၊ အခ၊ အကောက်တို့ကို အခါအားလျော်စွာ သတ်မှတ်ကောက်ခံခြင်း၊ ပြင်ဆင်ကောက်ခံခြင်း ပြုနိုင်သည်။

၂၂။ မြို့နယ်ကော်မတီသည် ဒေသကော်မတီ၏ ခွင့်ပြုချက်ဖြင့် အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊ အခွန်ပေးဆောင်ခြင်းမှကင်းလွတ်ခွင့်ပြုခြင်း၊ လျှော့ပစ်ခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) စည်းကြပ်သော အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း သို့မဟုတ် နှုန်းထားပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းကို ခေတ္တရပ်ဆိုင်းထားခြင်း။

(ခ) ခိုင်လုံသော အကြောင်းရှိပါက အခွန်ဝန်ထမ်းတစ်ဦးဦး ပေးဆောင်ရန်ရှိသော အခွန်ကို ကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် လျှော့ပစ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၂၃။ အမှုဆောင်အရာရှိနှင့် မြို့နယ်ခွဲတာဝန်ခံသည် ဦးစီးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အခွန်ကြွေးကျန်တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အခွန်ကြွေးကျန်များကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ ကိစ္စဆောင်ရွက်ရန်အလို့ငှာ တည်ဆဲဥပဒေများအရ ကော်လိတ်တာအရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၈)

## စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း

၂၄။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက်အအုံ၊ မြေတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအားညွှန်ကြားနိုင်သည်-

(က) ခွင့်ပြုချက် မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်စည်းကမ်းများနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ အဆောက်အအုံ ဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကို ရပ်ဆိုင်းထားစေခြင်း၊ ပြန်လည်ပြုပြင်စေခြင်း သို့မဟုတ် ဖြိုဖျက်စေခြင်း။

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် စသည်များပေါ်တွင် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်စေ ကျူးကျော် ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း။

(ဂ) အများပြည်သူနှင့် သက်ဆိုင်သော လမ်းဖောက်လုပ်ခြင်း၊ တံတားတည်ဆောက်ခြင်း၊ ရေထုတ်မြောင်း ပြုလုပ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းနှင့် ယင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မလွတ်ကင်းသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းကို ဖယ်ရှားစေခြင်း။

(ဃ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန်မသင့်လျော်သည့် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း သို့မဟုတ် နေထိုင်သူများကို ဖယ်ရှားစေခြင်း။

(င) အဆောက်အအုံနှင့် ဝင်းခြံတို့ကို ဆေး၊ ထုံး သို့မဟုတ် ရေနံသုတ်စေခြင်း။

(စ) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ ပြုပြင်သင့်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊ ဝင်းခြံကို မြို့ အင်္ဂါရပ်နှင့်အညီ ဖြစ်စေရန် ပြင်ဆင်တည်ဆောက်စေခြင်း၊ ဝင်းခြံအတွင်း လိုအပ်သည့်မြေကို ပြုပြင်စေခြင်း။

(ဆ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သစ်ပင်၊ ချုံပင်များကို သုတ်သင် ရှင်းလင်းစေခြင်း၊ ထွက်ပေါ်လာသည့် အမှိုက်သရိုက်များကို ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်စေခြင်း။

၂၅။ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (င)၊ (စ) နှင့် (ဆ) တို့၏ လိုက်နာဆောင်ရွက်ရန် လက်ရှိနေထိုင်သူအား ညွှန်ကြားလျှင် လက်ရှိနေထိုင်သူသည် ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။ လက်ရှိနေထိုင်သူသည် တရားဝင် အိမ်ငှားဖြစ်လျှင် ထိုကုန်ကျစရိတ်ကို အိမ်ရှင်ထံမှ တောင်းခံခွင့် သို့မဟုတ် ငှားရမ်းခမှ ခုနှိမ်ခွင့်ရှိသည်။

၂၆။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ မိလ္လာ အညစ်အကြေးတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည်-

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို အန္တရာယ်မရှိစေရန်နှင့် သတ်မှတ်ချက် များနှင့်အညီ ဖြစ်စေရန် ကာရံစေခြင်း၊ ပြုပြင်စေခြင်း။

(ခ) ကျန်းမာရေးနှင့် မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင် စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း။

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် ဝင်းခြံမြေပေါ်မှ စီးဆင်းသည့် ရေကြောင့် အများပြည်သူနှင့် သက်ဆိုင်သောလမ်းနှင့် အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာ ကောင်းစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်းစသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း။

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့်ဝင်းခြံမြေတို့မှ ရေကောင်းစွာ ထုတ်ပစ်နိုင်ရန် မြေကို ပြုပြင် စေခြင်း၊ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် ဝင်းခြံမြေတို့တွင် ယင်လုံအိမ်သာ၊ ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်စသည်တို့ကို စီမံထားရှိစေခြင်း။

(င) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ ပြုလုပ်ထားသည့် ယင်လုံအိမ်သာ၊ ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း။

(စ) မိလ္လာပိုက်၊ ရေပိုက် သို့မဟုတ် အများနှင့်သက်ဆိုင်သော ရေထုတ်မြောင်းကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် ဆက်စပ်နေသောမြေကိုဖြတ်၍ဆောင်ရွက်ရလျှင် မြေပိုင်ရှင်ကဆောင်ရွက်ခွင့်ပြုစေခြင်း။

(ဆ) မိလ္လာပိုက်၊ ရေပိုက် သို့မဟုတ် ရေထုတ်မြောင်းကို အခြားသူတစ်ဦး၏ မြေကိုဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင်နစ်နာမှုမရှိလျှင် ထိုနစ်နာမှုအတွက် မြို့နယ်ကော်မတီကသတ်မှတ်သည့် သင့်လျော်သော လျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူက နစ်နာသူအား ပေးစေခြင်း။

၂၇။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လုပ်ငန်းပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အမှိုက်များနှင့်နံစော်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ ထည့်ထားရန် သင့်လျော်သော အမှိုက်အိတ်၊ အမှိုက်ပုံးများ၊ အမှိုက်ကျင်းများ၊ အမှိုက်ကန်များ စီမံထားရှိခြင်း။

(ခ) ကျန်းမာရေးနှင့် မညီညွတ်ကြောင်း တွေ့ရှိရသည့် အများပြည်သူနှင့် သက်ဆိုင်သော ရေပေးရေးလုပ်ငန်း၊ ပုဂ္ဂလိကရေပေးရေးလုပ်ငန်း၊ ပုဂ္ဂလိကရေသုံးစွဲနေမှုတို့ကို အသုံးပြုခြင်းမှပိတ်ထားစေခြင်း။

(ဂ) ပြည်တွင်း ခရီးသည်များသာ တည်းခိုသော ဧည့်ရိပ်သာ၊ တည်းခိုခန်းနှင့် အခန်းလိုက်ငှားသော အဆောက်အအုံကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန် ဆောင်ရွက်စေခြင်း။

(ဃ) အများပြည်သူ ပျော်ပွဲရွှင်ပွဲ၊ အထိမ်းအမှတ်အခမ်းအနားပွဲများအတွက် အသုံးပြုသည့် အဆောက်အအုံနှင့် မြေတို့ကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန်လည်းကောင်း၊ မီးဘေးလုံခြုံရေးရှိစေရန်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်မှကြိုတင်ကာကွယ်နိုင်စေရန်လည်းကောင်း ဆောင်ရွက်စေခြင်း။

(င) အန္တရာယ်ရှိစေသော လုပ်ငန်းများလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလာလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲ နေစေခြင်း သို့မဟုတ် ပြင်ဆင်စီမံဆောင်ရွက်စေခြင်း။

(စ) စည်ပင်သာယာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုခန်းများအား စစ်ဆေးရာတွင် စစ်ဆေးတွေ့ရှိချက်များအရ လိုက်နာဆောင်ရွက်စေခြင်း။

၂၈။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အသုံးပြုရန်မသင့်လျော်သည့် သုသာန်မြေနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် သက်ဆိုင်ရာ အဖွဲ့အစည်းအား ညွှန်ကြားခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းပြုနိုင်သည် -

(က) သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း။

(ခ) ဦးစီးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း။

၂၉။ မြို့နယ်ကော်မတီသည် ပြောင်းရွှေ့ဖျက်သိမ်းလိုက်သည့် သုသာန်မြေအား စည်ပင်သာယာရေးလုပ်ငန်းများအတွက် ဦးစီးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သင့်လျော်သလို အသုံးပြုနိုင်သည်။

## အခန်း (၉)
## အနေးယာဉ်များ စီမံခန့်ခွဲခြင်း

၃၀။ မြို့နယ်ကော်မတီသည် အနေးယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ယာဉ်အမျိုးအစားအလိုက် စည်းကမ်းများရေးဆွဲတင်ပြခြင်း။

(ခ) ယာဉ်လိုင်စင်ခ သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း။

(ဂ) ယာဉ်လိုင်စင် ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း။

(ဃ) ယာဉ်မောင်းလိုင်စင်ခ သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း။

(င) ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း။

(စ) ယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

(ဆ) ယာဉ်မောင်းသူများအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

၃၁။ မြို့နယ်ကော်မတီက ထုတ်ပေးသော အနေ့ယာဉ်လိုင်စင်ရရှိသူသာ အနေ့ယာဉ်လုပ်ငန်း တည်ထောင် လုပ်ကိုင်ခွင့်ရှိပြီး၊ မြို့နယ်ကော်မတီက ထုတ်ပေးသော အနေ့ယာဉ်မောင်းလိုင်စင်ရရှိသူသာ အနေ့ယာဉ် မောင်းခွင့်ရှိသည်။

၃၂။ အနေ့ယာဉ် ပိုင်ရှင်နှင့် အနေ့ယာဉ်မောင်းသူသည် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၀)
## ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း

၃၃။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် ကူးတို့လုပ်ငန်းနှင့် စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း။

(ခ) နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း။

(ဂ) လုပ်ငန်းကြီးကြပ်ခြင်း၊

(ဃ) လုပ်ငန်းလမ်းကြောင်းသတ်မှတ်ခြင်း။

(င) ခိုင်လုံသောအကြောင်းရှိလျှင် လုပ်ငန်းကို ဖျက်သိမ်းခြင်း။

(စ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေ သတ်မှတ်ခြင်း။

(ဆ) လုပ်ငန်း သယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊ သတ်မှတ်ထားသည့် သယ်ယူပို့ဆောင်ခကို ပေးဆောင် စေခြင်း။

(ဇ) တာဝန်ဖြင့်ခရီးသွားနေရသော တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာတို့၏ ဝန်ထမ်းများ၊ ယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် လုပ်ငန်းသယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း။

(ဈ) ခိုင်လုံသောအကြောင်းရှိလျှင် လိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၃၄။ မြို့နယ်ကော်မတီသည် အမှုဆောင်အရာရှိ သို့မဟုတ် မြို့နယ်ခွဲတာဝန်ခံအား ကူးတို့လုပ်ငန်း အုပ်ချုပ်သူအဖြစ် တာဝန်ပေးနိုင်သည်။ ကူးတို့လုပ်ငန်းအုပ်ချုပ်သူသည် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) လုပ်ငန်းအုပ်ချုပ်ခြင်း။

(ခ) လုပ်ငန်းလိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့်ရောင်းချခြင်း။

(ဂ) လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူ သက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် အစီအစဉ်များ ပြုလုပ်စေခြင်း။

(ဃ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့် လုပ်ငန်းလိုင်စင်များကို ပြန်လည်ရောင်းချခြင်း။

၃၅။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသာ ကူးတို့နယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၃၆။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ပြင်ဆင်ထိန်းသိမ်းရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၇။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန်မသင့်လျော်သော ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၈။ ဒေသကော်မတီသည် ဒေသနယ်နိမိတ်နှင့် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ် သို့မဟုတ် အခြားတိုင်းဒေသကြီး/ပြည်နယ်နယ်နိမိတ်တို့အကြား တည်ရှိသည့် ကူးတို့လုပ်ငန်းတည်ရှိရာဒေသနှင့်စပ်လျဉ်း၍ ဦးစီးအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းပြီးဆုံးဖြတ်နိုင်သည်။

၃၉။ ဒေသကော်မတီသည် ဒေသနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော ပြည်ပနိုင်ငံတို့အကြားရှိ ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ ဦးစီးအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူတို့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၄၀။ ပုဒ်မ ၃၄ သို့မဟုတ် ပုဒ်မ ၃၆၊ ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာကူးတို့လုပ်ငန်း ကြီးကြပ်သူထံ အယူခံဝင်နိုင်သည်။

၄၁။ (က) ပုဒ်မ ၃၃ သို့မဟုတ် ပုဒ်မ ၃၄၊ ပုဒ်မ ၄၀ အရ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဒေသကော်မတီထံ အယူခံဝင်နိုင်သည်။

(ခ) ဒေသကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ရမည်။

## အခန်း (၁၁)
## သားသတ်လုပ်ငန်းများ စီမံခန့်ခွဲခြင်း

၄၂။ မြို့နယ်ကော်မတီသည် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်နှင့် ဝက်တို့ကို အများပြည်သူ စားသုံးရန်အလို့ငှာ စည်ပင်သာယာရေးဌာနပိုင် သားသတ်ရုံများတွင် စည်းကမ်းချက်များနှင့်အညီ သတ်ဖြတ်ခြင်းနှင့် ကြက်၊ ဘဲ၊ ငါးတို့ကို စည်းကမ်းချက်များနှင့်အညီ အသားရောင်းချခြင်းကို ခွင့်ပြုနိုင်သည်။

၄၃။ (က) မည်သည့်ဒေသတွင်မဆို အများပြည်သူစားသုံးရန်မှအပ ဘာသာရေးနှင့် အခြားကိစ္စရပ်များအတွက် ကျွဲ၊ နွား၊ သတ်ဖြတ်ခွင့်အမိန့်ကို သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးသည် ဦးစီးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခွင့်ပြုနိုင်သည်။

(ခ) မြို့နယ်ကော်မတီနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးသည် ကျွဲ၊ နွား တိရစ္ဆာန်သတ်ဖြတ်ခွင့်ပြုရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွား၊ တိရစ္ဆာန်များ ပြုန်းတီးမှု မရှိစေရန် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၄။ ပုဒ်မ ၄၂ အရ ခွင့်ပြုချက်ရရှိသူသည် -

(က) ကျွဲ၊ နွားကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့်သားရေကို လက်ဝယ်ထားခြင်း ပြုနိုင်သည်။

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းနှင့် ကြက်၊ ဘဲ၊ ငါးတို့၏ အသားများ ရောင်းချခြင်းပြုနိုင်သည်။

၄၅။ မြို့နယ်ကော်မတီသည် ပုဒ်မ ၄၄ (က) ပါ အသားနှင့်သားရေကို ပုဒ်မ ၄၂ ပါ ခွင့်ပြုချက်မရှိဘဲ ခွင့်ပြုထားခြင်း၊ ရောင်းချခြင်းပြု၍ သိမ်းဆည်းအရေးယူသည့်ကိစ္စရပ်များတွင် သိမ်းဆည်းရမိသော ပစ္စည်းသည် ပျက်စီးလွယ်သည့်ပစ္စည်းဖြစ်ပြီး ထိုပစ္စည်းကို ရောင်းချခြင်းဖြင့် အကျိုးရှိမည်ဟု ထင်မြင်ယူဆလျှင် ယင်းပစ္စည်းကို ထုခွဲရောင်းချနိုင်သည်။

၄၆။ ဦးစီးအဖွဲ့သည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သားသတ်လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သော စည်းကမ်းချက်များကို ထုတ်ပြန်နိုင်သည်။

## အခန်း (၁၂)
## ကြီးကြပ်ခြင်း

၄၇။ ဦးစီးအဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပုဒ်မ ၄၀၊ ပုဒ်မ ၄၁၊ ပုဒ်မ ၅၀ ပါ အယူခံကိစ္စရပ်များမှအပ လိုအပ်ပါက ဒေသကော်မတီနှင့် မြို့နယ်ကော်မတီတို့၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၈။ ဒေသကော်မတီသည် စည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ရမည်။

၄၉။ ဒေသကော်မတီသည် အောက်ပါစည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ရမည် -

(က) စည်ပင်သာယာရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် အညီ ညီညွတ်စေရေးအတွက် ညှိနှိုင်းပေးခြင်း။

(ခ) စည်ပင်သာယာရေးဌာနနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ အဆောက်အအုံများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို ညွှန်ကြားရေးမှူးအား စစ်ဆေးစေခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ဦးစီးအဖွဲ့ထံတင်ပြစေခြင်း။

(ဂ) လိုအပ်ပါက ဦးစီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ကော်မတီအား ဖျက်သိမ်းခြင်း၊ ကော်မတီဝင်များအား တာဝန်မှ ရပ်စဲခြင်းနှင့် ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်း စည်းကမ်းနှင့်အညီ အရေးယူခြင်းတို့ကို ဆောင်ရွက်ခြင်း။

## အခန်း (၁၃)
## အယူခံဝင်ခြင်း

၅၀။ ပုဒ်မ ၁၉၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (င)၊ (စ)၊ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (စ)၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) တို့အရ မြို့နယ်ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဒေသကော်မတီထံ အယူခံဝင်နိုင်သည်။

၅၁။ ပုဒ်မ ၅၀ အရ ဒေသကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

၅၂။ အယူခံမှုနှင့်စပ်လျဉ်း၍ အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ။

## အခန်း (၁၄)
## ဘဏ္ဍာရေး

၅၃။ မြို့နယ်ကော်မတီသည် -

(က) မြို့နယ်စည်ပင်သာယာရေးဌာနများမှ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကောက်ခံရရှိသော အခွန်၊ အခ၊ အကောက်များအား ဒေသဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရန် ကြီးကြပ်ရမည်။

(ခ) ဦးစီးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးဌာနများ၏ သတ်မှတ်လျာထားသော အသုံးစရိတ်အား ဒေသဘဏ္ဍာရန်ပုံငွေအရအသုံးဆိုင်ရာဥပဒေအရ တည်ဆဲဘဏ္ဍာရေး လုပ်ထုံး လုပ်နည်းများနှင့်အညီ သုံးစွဲခြင်းကို ကြီးကြပ်ရမည်။

၅၄။ (က) မြို့နယ်ကော်မတီသည် အမှုဆောင်အရာရှိ သို့မဟုတ် မြို့နယ်ခွဲတာဝန်ခံက တင်ပြလာသော နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းကို စိစစ်၍ ဦးစီးအဖွဲ့၏ အတည်ပြုခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဌာနထံ တင်ပြရမည်။

(ခ) ဌာနသည် ဦးစီးအဖွဲ့၏ အတည်ပြု ခွင့်ပြုချက်ဖြင့် မြို့နယ်ကော်မတီများက တင်ပြသည့် နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို စုစည်း၍ ဌာန၏နှစ်စဉ် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းအဖြစ် အစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၅၅။ မြို့နယ်ကော်မတီသည် နှစ်စဉ်ဘဏ္ဍာရေးနှင့် စာရင်းစစ်ဆေးရေးလုပ်ငန်းများ၏ အခြေအနေကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်း ဦးစီးအဖွဲ့၏ အတည်ပြုခွင့်ပြုချက်ဖြင့် ညွှန်ကြားရေးမှူးမှ တစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြရမည်။

၅၆။ ဦးစီးအဖွဲ့သည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မိမိဝင်ငွေဖြင့် ရပ်တည်နိုင်ခြင်းမရှိသော မြို့နယ်၊ မြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့များ၏ အသုံးစရိတ်များကို ဒေသရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေးကို စီမံဆောင်ရွက်ပေးရမည်။

၅၇။ မြို့နယ်ကော်မတီသည် ရရှိသည့် နိုင်ငံခြားငွေကို အစိုးရအဖွဲ့၏ သဘောတူညီချက်၊ ဦးစီးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲနိုင်သည်။

## အခန်း (၁၅)
## ဝန်ထမ်းဖွဲ့စည်းပုံ

၅၈။ ဌာနသည် ဦးစီးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စည်ပင်သာယာရေးကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့် ဝင်ငွေပမာဏကို အခြေခံလျက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သောဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲအတည်ပြုထားရှိရမည်။ ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲရာတွင် လိုအပ်ပါက ပညာရပ်ဆိုင်ရာ ဝန်ထမ်းများ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဝန်ထမ်းများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၅၉။ ဌာနသည် ဦးစီးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝန်ထမ်းများခန့်ထားရာတွင် တည်ဆဲစည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းပုံအတွင်း ခန့်ထားနိုင်ခွင့်ရှိသည်။ သင့်လျော်သည့် ဝန်ထမ်းအဆင့်များနှင့် စပ်လျဉ်း၍ ဝန်ထမ်းရေးရာကိစ္စရပ်များ ဆောင်ရွက်ရန် အမှုဆောင်အရာရှိနှင့် မြို့နယ်ခွဲတာဝန်ခံတို့အား ဝန်ထမ်းရေးရာ လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးနိုင်သည်။

၆၀။ ဦးစီးအဖွဲ့သည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ စီမံခန့်ခွဲရေးဝန်ထမ်းနှင့် အင်ဂျင်နီယာဝန်ထမ်း များအား ပြောင်းရွှေ့ခြင်း၊ လွှဲပြောင်းရယူခြင်း၊ ဌာနကူးပြောင်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၆၁။ ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် နှစ်စဉ်ရရှိနိုင်သော ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းထက် ကျော်လွန်ခြင်း မရှိစေရ။

## အခန်း (၁၆)
## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၆၂။ အမှုဆောင်အရာရှိ နှင့် မြို့နယ်ခွဲတာဝန်ခံတို့သည် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေစာရင်းများ ပြုစုထားရှိရမည်။

၆၃။ အမှုဆောင်အရာရှိနှင့် မြို့နယ်ခွဲတာဝန်ခံတို့သည် မိမိတို့ ထိန်းသိမ်းထားရှိသည့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စာရင်းများကို သက်ဆိုင်ရာ စာရင်းစစ်ရုံးများ၊ စာရင်းစစ်အဖွဲ့များ၏ စစ်ဆေးခြင်းကို ခံယူရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်<br>( ၂၀၁၅ ခုနှစ်၊ မေလ ၁ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

## နိုင်ငံတော်သမ္မတရုံး

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
(၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်)

**၂၀၁၅ ခုနှစ်၊ (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

အမှတ် ၁ ။ ။ ၂၀၁၅ ခုနှစ်၊ (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စနစ်တကျနှင့်အောင်မြင်ချောမောစွာ ကျင်းပပြုလုပ်နိုင်ရန်အတွက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

**(၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**

**(က) ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးဉာဏ်ထွန်း<br>ဒုတိယသမ္မတ | နာယက |
| (၂) | ဦးအေးမြင့်ကြူ<br>ပြည်ထောင်စုဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၃) | ဒုတိယဗိုလ်ချုပ်ကြီးကိုကို<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးရဲထွန်း<br>ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးသိန်းညွန့်<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁)<br>ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၆) | ဦးမြင့်လှိုင်<br>ပြည်ထောင်စုဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

(၇) ဦးအုန်းမြင့် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(၈) ဦးမြတ်ဟိန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

(၉) ဦးဉာဏ်ထွန်းအောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာန

(၁၀) ဦးဝင်းထွန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(၁၁) ဦးခင်မောင်စိုး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(၁၂) ဦးဇေယျာအောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စွမ်းအင်ဝန်ကြီးဌာန

(၁၃) ဒေါက်တာဒေါ်ခင်စန်းရီ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(၁၄) ဒေါက်တာသန်းအောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

(၁၅) ဦးဝင်းရှိန် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ဘဏ္ဍာရေးဝန်ကြီးဌာန

(၁၆) ဒေါက်တာကံဇော် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(၁၇) ဦးကျော်လွင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၈) ဦးသန်းငွေ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(၁၉) ဦးငွေးအောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(၂၀) ဦးသိန်းထိုက် — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၂၁) ဒေါ်စန္ဒာခင် — အတွင်းရေးမှူး
ဒုတိယဝန်ကြီး
ယဉ်ကျေးမှုဝန်ကြီးဌာန

(၂၂) ဦးရန်နိုင်ဦး — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန

**(ခ) ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

(၁) အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ ကြီးကြပ်ကွပ်ကဲသွားရန်။

(၂) ကော်မတီ/ဆပ်ကော်မတီအသီးသီးမှ တင်ပြလာသော ကိစ္စအဝဝကို မြန်မြန် ဆန်ဆန်နှင့် အချိန်မီဆုံးဖြတ်ဆောင်ရွက်ရန်၊

(၃) ပြိုင်ပွဲကြီးတွင် တိုင်းဒေသကြီး/ပြည်နယ်များမှ ကျယ်ပြန့်စွာ ပါဝင်ရေးအတွက် အကြောင်းကြားရန်။

(၄) မမျှော်လင့်သော အသုံးစရိတ်များအတွက် တောင်းခံလာမှုများအပေါ် အမြန် ဆုံးဖြတ်သုံးစွဲခွင့်ပြုရန်။

(၅) လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များအပေါ် မျက်ခြည်မပြတ် ထိတွေ့လေ့လာ၍ လိုအပ်သော လမ်းညွှန်မှုများပေးရန်။

(၆) ပြိုင်ပွဲကြီးပြီးဆုံးသည်နှင့် လုပ်ငန်းမှတ်တမ်းစာအုပ် ပြုစုဖြန့်ဝေရန်။

**(ဂ) ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ**

(၁) ဦးအေးမြင့်ကြူ — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
ယဉ်ကျေးမှုဝန်ကြီးဌာန

(၂) ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(၃) ဦးပိုက်ထွေး — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

(၄) ဦးအုန်းသန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၅) ဦးခင်မောင်အေး — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(၆) ဦးဝင်းသန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

(၇) ဦးဟန်စိန် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာန

(၈) ဦးအောင်သန်းဦး — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(၉) ဦးဇော်ဝင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
အားကစားဝန်ကြီးဌာန

(၁၀) ဒေါက်တာဇော်မင်းအောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(၁၁) ဒေါက်တာဒေါ်သိန်းသိန်းဌေး — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

(၁၂) ဦးသန်းဆွေ — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၃) ဒေါ်လဲ့လဲ့သိန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(၁၄) ဦးစိုးတင့် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၅) ဦးချန်မောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(၁၆) ဒေါက်တာစိုင်းကျော်အုန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(၁၇) ဦးမျိုးမြင့် — အဖွဲ့ဝင်
ဒုတိယစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၁၈) ဦးမျိုးညွန့် — အဖွဲ့ဝင်
ကောင်စီဝင်
နေပြည်တော်ကောင်စီ

(၁၉) ဗိုလ်ချုပ်လှဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး

(၂၀) ဗိုလ်ချုပ်မင်းဇော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး

(၂၁) ဗိုလ်မှူးကြီးဇော်မင်း — အဖွဲ့ဝင်
စစ်ဗျူဟာမှူး
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၂၂) ဒေါ်ဘောက်ဂျာ — အဖွဲ့ဝင်
လူမှုရေးဝန်ကြီး
ကချင်ပြည်နယ်အစိုးရအဖွဲ့

(၂၃) ဦးအောင်နိုင်ဦး — အဖွဲ့ဝင်
စည်ပင်သာယာရေးဝန်ကြီး
ကယားပြည်နယ်အစိုးရအဖွဲ့

(၂၄) ဦးချစ်လှိုင် — အဖွဲ့ဝင်
လူမှုရေးဝန်ကြီး
ကရင်ပြည်နယ်အစိုးရအဖွဲ့

(၂၅) ဒေါက်တာဘမောင် အဖွဲ့ဝင်
လူမှုရေးဝန်ကြီး
ချင်းပြည်နယ်အစိုးရအဖွဲ့
(၂၆) ဒေါက်တာမြင့်သိန်း အဖွဲ့ဝင်
လူမှုရေးဝန်ကြီး
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
(၂၇) ဒေါက်တာဝင်းအောင် အဖွဲ့ဝင်
လူမှုရေးဝန်ကြီး
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
(၂၈) ဒေါက်တာကျော်ဦး အဖွဲ့ဝင်
လူမှုရေးဝန်ကြီး
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၂၉) ဦးအောင်ကျော်မင်း အဖွဲ့ဝင်
လူမှုရေးဝန်ကြီး
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၃၀) ဒေါက်တာမြင့်ကြူ အဖွဲ့ဝင်
ဘဏ္ဍာရေးဝန်ကြီး
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၃၁) ဒေါက်တာလှဦး အဖွဲ့ဝင်
လူမှုရေးဝန်ကြီး
မွန်ပြည်နယ်အစိုးရအဖွဲ့
(၃၂) ဒေါက်တာအောင်ကျော်မင်း အဖွဲ့ဝင်
လူမှုရေးဝန်ကြီး
ရခိုင်ပြည်နယ်အစိုးရအဖွဲ့
(၃၃) ဒေါ်စန်းစန်းနွယ် အဖွဲ့ဝင်
ဘဏ္ဍာရေးဝန်ကြီး
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
(၃၄) ဒေါက်တာမျိုးထွန်း အဖွဲ့ဝင်
လူမှုရေးဝန်ကြီး
ရှမ်းပြည်နယ်အစိုးရအဖွဲ့
(၃၅) ဒေါ်ခင်စောမူ အဖွဲ့ဝင်
လူမှုရေးဝန်ကြီး
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
(၃၆) ဦးလှထွန်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်သမ္မတရုံး
(၃၇) ဦးဇော်သန်းသင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
(၃၈) ဦးဝင်းငွေ အဖွဲ့ဝင်
အတွင်းရေးမှူး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
(၃၉) ဦးထွန်းလှအောင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၄၀) ဦးရဲတင့် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၄၁) ဦးတင့်ဆွေ အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

(၄၂) ဦးအောင်မျိုးမြင့် အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၄၃) ဦးကျော်စိုး အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(၄၄) ဒေါက်တာသိန်းလွင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးသုတေသနဦးစီးဌာန

(၄၅) ဦးမြင့်အောင် အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

(၄၆) ဦးသန့်စင် အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

(၄၇) ဒေါ်နန္ဒာမွန်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန

(၄၈) ဦးကျော်ဦးလွင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

(၄၉) ဦးထွန်းထွန်းနိုင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(၅၀) ဦးကျော်လင်း အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

(၅၁) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(၅၂) ဒေါ်နိုင်သက်ဦး အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စစ်ဆေးရေးဦးစီးဌာန
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၅၃) ဦးကျော်ဦး အဖွဲ့ဝင်
ပါမောက္ခချုပ်
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)

(၅၄) ဒေါ်ခင်ကြည်ပြာ အဖွဲ့ဝင်
ပါမောက္ခချုပ်
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)

(၅၅) ဒေါက်တာမျိုးကြွယ် အဖွဲ့ဝင်
ပါမောက္ခချုပ်
စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)

(၅၆) ဒေါက်တာမြင့်ဦး အဖွဲ့ဝင်
ပါမောက္ခချုပ်
သစ်တောတက္ကသိုလ်(ရေဆင်း)

(၅၇) ဒေါက်တာမာမာဝင်း အဖွဲ့ဝင်
ပါမောက္ခချုပ်
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း)

(၅၈) ဦးရဲမြင့် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန

(၅၉) ဦးထွန်းအုံ အဖွဲ့ဝင်
ဒုတိယပါမောက္ခချုပ်(စီမံ)
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)

(၆၀) ဦးဇော်ငွေး အဖွဲ့ဝင်
ဒုတိယပါမောက္ခချုပ် (သင်ကြား)
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)

(၆၁) ဦးနိုင်ဝင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(လေ့/သု/ပြည်)
အနုပညာဦးစီးဌာန

(၆၂) ဒေါ်တင်တင်မြ အဖွဲ့ဝင်
ဥက္ကဋ္ဌ
အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့

(၆၃) ဦးအောင်တင်ဝင်း အဖွဲ့ဝင်
ဥက္ကဋ္ဌ
အကအကဲဖြတ်လုပ်ငန်းအဖွဲ့

(၆၄) ဦးမောင်မောင်လတ် အဖွဲ့ဝင်
ဥက္ကဋ္ဌ
အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့

(၆၅) ဦးအောင်ကိန်း အဖွဲ့ဝင်
ဥက္ကဋ္ဌ
အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့

(၆၆) ဦးရဲဒွေး အဖွဲ့ဝင်
အဖွဲ့ခေါင်းဆောင်
ရုပ်သေးအကဲဖြတ်လုပ်ငန်းအဖွဲ့

(၆၇) ဦးအောင်သွင် အဖွဲ့ဝင်
အဖွဲ့ခေါင်းဆောင်
ဇာတ်သဘင်အကဲဖြတ်လုပ်ငန်းအဖွဲ့

(၆၈) ဦးခင်မောင်ထူး အဖွဲ့ဝင်
အဖွဲ့ခေါင်းဆောင်
ဇာတိမာန်တေးအကဲဖြတ်လုပ်ငန်းအဖွဲ့

(၆၉) မြင်းမူမောင်နိုင်မိုး အဖွဲ့ဝင်
အဖွဲ့ခေါင်းဆောင်
ကွက်စိပ်အကဲဖြတ်လုပ်ငန်းအဖွဲ့

(၇၀) ဒေါ်စန္ဒာခင် — အတွင်းရေးမှူး
ဒုတိယဝန်ကြီး
ယဉ်ကျေးမှုဝန်ကြီးဌာန

(၇၁) ဦးရန်နိုင်ဦး — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန

**(ဃ) ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

(၁) ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီမှ ချမှတ်ထားသောမူဝါဒနှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၂) ဆပ်ကော်မတီများနှင့် ထိတွေ့ညှိနှိုင်းဆက်ဆံပြီး လိုအပ်သောလုပ်ငန်းရပ်များကို အောက်ခြေသိမ်းဆောင်ရွက်ရန်။

(၃) ပြိုင်ပွဲအသင်းအဖွဲ့များ၏ တင်ပြလာသောအခက်အခဲများကို မှန်ကန်မြန်ဆန်စွာ ဖြေရှင်းဆောင်ရွက်ပေးရန်။

(၄) ဆပ်ကော်မတီအသီးသီး၏ မမျှော်လင့်သောအသုံးစရိတ်များ၊ ကြို/ပို့ရေးကိစ္စရပ်များ အတွက် တာဝန်ယူဖြေရှင်းပေးရန်။

(၅) ပြိုင်ပွဲကုန်ကျစရိတ်များ၊ ဆုချီးမြှင့်ငွေများအား စိစစ်လျက်ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူသွားရန်။

(၆) ပြိုင်ပွဲမစမီအကြိုရက်များတွင် တိုင်းဒေသကြီး/ ပြည်နယ်တို့နှင့် ညှိနှိုင်းခြင်း၊ ပြိုင်ပွဲကျင်းပစဉ် လိုအပ်သော ပံ့ပိုးမှုများပေးခြင်း၊ အပြန်ခရီးနှင့် မြို့တွင်းခရီးစဉ်များအတွက် တာဝန်ယူ စီစဉ်ပေးရန်။

(၇) ကော်မတီ၊ ဆပ်ကော်မတီများ၏ ယာဉ်လိုအပ်ချက်များကို ညှိနှိုင်းစိစစ်၍ ခွင့်ပြုပေးရန်။

(၈) ပြိုင်ပွဲမစမီ ရက်ပေါင်း (၅၀) ကြိုတင်၍ လုပ်ငန်းကော်မတီရုံးဖွင့်လှစ်ဆောင်ရွက်သွားရန်။

အမှတ် ၂။ ။ ဦးစီးကော်မတီသည် လိုအပ်ပါက ဆပ်ကော်မတီများနှင့် ဆပ်ကော်မတီဝင်များကို တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

## ပြည်သူ့လွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၅ ဖြင့် ပြည်သူ့လွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော အောက်ပါအရာရှိ (၂) ဦးတို့အား လစ်လပ်လျက်ရှိသည့် ယှဉ်တွဲဖော်ပြပါရာထူးနေရာများတွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး/လစာနှုန်းထား |
|---|---|---|
| ၁။ | ကြည်း ၄၁၆၀၇<br>ဗိုလ်ကြီးထွန်းမြင့်အောင်<br>စစ်ထောက်ချုပ်ရုံး | လက်ထောက်ညွှန်ကြားရေးမှူး<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) |
| ၂။ | ကြည်း ၄၈၂၄၄<br>ဗိုလ်ကြီးသန်းဌေးလှိုင်<br>စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး | လက်ထောက်ညွှန်ကြားရေးမှူး<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) |

## အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

(၂၀၁၅ ခုနှစ်၊ မတ်လ ၁၁ ရက်)

ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၁ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ (၄၇/၂၀၁၄) အရ ဒုတိယညွှန်ကြားရေးမှူး၊ ဦးဝင်းဇော်လတ်အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက်)

ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၃ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ (၄၉/၂၀၁၄) အရ အောက်ပါ ညွှန်ကြားရေးမှူး (၃) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးကျော်ကျော်ဌေး | ညွှန်ကြားရေးမှူး |
| ၂။ | ဒေါက်တာထူးမောင် | ညွှန်ကြားရေးမှူး |
| ၃။ | ဦးအောင်ကိုဝင်း | ညွှန်ကြားရေးမှူး |

## အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂၀၁၅ ခုနှစ်၊ မတ်လ ၁၆ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါစာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၅ ဖြင့် ပြည်သူ့လွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော အမှတ် (၂၈၆) ခြေလျင်တပ်ရင်းမှ ကြည်း ၃၃၂၇၃ ဗိုလ်မှူး ချမ်းနေဝင်းအား လစ်လပ်လျက်ရှိသည့် ဒုတိယညွှန်ကြားရေးမှူး ရာထူးနေရာတွင် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၆ ရက် နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာ (၁၃၆/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၄၈-U9၊ မြေကွက်အမှတ် - ၃၅၂ ရှိ မြေဧရိယာ (၀. ၁၁၀) ဧကနှင့် မြေကွက်အမှတ် - ၃၅၃ ရှိ မြေဧရိယာ (၀. ၁၁၀) ဧက၊ **စုစုပေါင်းမြေဧရိယာ (၀. ၂၂၀) ဧက**အား **ဒေဝနိမိတ္တာရုံပရိယတ္တိစာသင်တိုက်**မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ-၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၃၇/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်

(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ဈေးကြီးရပ်ကွက်၊ အကွက်အမှတ်/အမည်-၉၄/ဈေးကြီးအနောက်၊ ဦးပိုင်အမှတ်-၄၉/ခ မှ မြေဧရိယာ (၀. ၇၈) ဧကနှင့် ဦးပိုင်အမှတ်-၅၀ မှ **မြေဧရိယာ (၄. ၇၈) ဧက၊ စုစုပေါင်းမြေဧရိယာ (၅. ၅၆) ဧကအား ချမ်းအေးရိပ်သာကျောင်းမြေ**အဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ် သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်)

အမှတ် ၁၃ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်/စစ်ကိုင်းတို့မှ အောက်ဖော်ပြပါ အရာထမ်း (၆) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ယှဉ်တွဲပါနေ့ရက်မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| စဉ် | အမည်/ရာထူး/ဌာန | အစမ်းခန့်အပ်သည့်နေ့ | အတည်ပြုခန့်အပ်သည့်နေ့ |
|---|---|---|---|
| ၁။ | ဦးကြည်လင်း<br>ဌာနမှူး<br>(တိုင်းရင်းသားရေးရာဌာန)<br>ဒီဂရီကောလိပ်(ရန်ကုန်)<br>ရုံးချုပ်တွဲ | ၁၈-၁၀-၂၀၁၃ | ၁၈-၁၀-၂၀၁၄ |
| ၂။ | ဒေါ်ခင်စန်းဟန်<br>ပါမောက္ခ(ရူပဗေဒဌာန)<br>ဒီဂရီကောလိပ်၊ ရန်ကုန် | ၁၈-၁၀-၂၀၁၃ | ၁၈-၁၀-၂၀၁၄ |
| ၃။ | ဦးလှဆန်းဝင်း<br>တွဲဖက်ပါမောက္ခ<br>(အရှေ့တိုင်းပညာဌာန)<br>ဒီဂရီကောလိပ်၊ ရန်ကုန် | ၁၈-၁၀-၂၀၁၃ | ၁၈-၁၀-၂၀၁၄ |
| ၄။ | ဒေါ်ဇင်မာစိုး<br>ကထိက<br>(ကွန်ပျူတာသိပ္ပံဌာန)<br>ဒီဂရီကောလိပ်၊ ရန်ကုန် | ၁၈-၁၀-၂၀၁၃ | ၁၈-၁၀-၂၀၁၄ |
| ၅။ | ဒေါ်တင်တင်နွဲ့<br>ကထိက<br>(တိုင်းရင်းသားရေးရာဌာန)<br>ဒီဂရီကောလိပ်၊ စစ်ကိုင်း | ၁၈-၁၀-၂၀၁၃ | ၁၈-၁၀-၂၀၁၄ |
| ၆။ | ဒေါ်ဇင်မာဝင်း<br>ကထိက(သင်္ချာဌာန)<br>ဒီဂရီကောလိပ်၊ စစ်ကိုင်း | ၁၈-၁၀-၂၀၁၃ | ၁၈-၁၀-၂၀၁၄ |

စံရွှေအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် ( ၂၀၁၅ ခုနှစ်၊ မေလ ၁ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**(CHAN MYAE THANDAR SERVICES COMPANY LIMITED.)**
**ချမ်းမြေ့သန္တာ ဝန်ဆောင်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက် အား**
**အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်**
**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

ကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁. ၆. ၂၀၁၅

ကျင်းပမည့်အချိန် - နံနက် (၉း၃၀) နာရီ

ကျင်းပမည့်နေရာ - အမှတ်- (၈၂)၊ (၁) လွှာ၊ ဗဟိုလမ်း၊ ဆီဆုံလမ်းထောင့်၊ စမ်းချောင်း (တောင်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာ ရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး
(LL.B)
(အထက်တန်းရှေ့နေ) (စဉ်-၂၁၂၉၆)
အမှတ် (၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ
## တော်ဝင်ပါရမီ ဆေးဝါးထုတ်လုပ်မှု ကုမ္ပဏီလီမိတက်

၂၀၁၅ ခုနှစ်၊ ဧပြီလ (၂၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေးဆုံးဖြတ်ချက် (Extra Ordinary Resolution) အရ **တော်ဝင်ပါရမီ ဆေးဝါး ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် (ROYAL PARAMI PHARMACEUTICAL PRODUCTION CO.LTD.)** ကို (၂၇. ၄. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ) (၂၁၂၉၆) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Dr. Zay Ya Aye
Director
Royal Parami Pharmaceutical Production Co.,Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ) (၂၁၂၉၆)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ကမ္ဘာတစ်လွှား သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်
## (TRANS-GLOBAL MINING COMPANY LIMITED.) အား
အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၁. ၆. ၂၀၁၅ |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အမှတ် (၁၄၅/၁၄၇)၊ ၆ လွှာ၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာ၊ ရှင်းလင်းချက်များနှင့် စာရင်း ရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး
(LL.B)
(အထက်တန်းရှေ့နေ) (စဉ်-၂၁၂၉၆)
အမှတ် (၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ
## စည်းလုံးညီညွတ်သော အမျိုးသားဖွံ့ဖြိုးရေးအဖွဲ့ ကုမ္ပဏီလီမိတက်

၂၀၁၅ ခုနှစ်၊ ဧပြီလ (၂၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေးဆုံးဖြတ်ချက် (Extra Ordinary Resolution) အရ **စည်းလုံးညီညွတ်သော အမျိုးသားဖွံ့ဖြိုးရေးအဖွဲ့ ကုမ္ပဏီလီမိတက် (UNITED NATIONALITIES DEVELOPMENT GROUP COMPANY LIMITED.)** ကို (၂၇. ၄. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ) (၂၁၂၉၆) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Sai Ywet
Managing Director
United Nationalities Development Group Co.,Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ) (၂၁၂၉၆)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## DIGITAL TECHNICIAN COMPANY LIMITED
### ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍
### နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ၊ ၂၀၈-င အရ၊ ဖျက်သိမ်းဆဲ **DIGITAL TECHNICIAN COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ - ၁-၆-၂၀၁၅
အစည်းအဝေးကျင်းပမည့်အချိန် - (၀၉း၃၀) နာရီ
အစည်းအဝေးကျင်းပမည့်နေရာ - အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**DIGITAL TECHNICIAN SERVICES COMPANY LIMITED**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ၊ ၂၀၈-င အရ၊ ဖျက်သိမ်းဆဲ **DIGITAL TECHNICIAN SERVICES COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ - ၁-၆-၂၀၁၅

အစည်းအဝေးကျင်းပမည့်အချိန် - (၁၁း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ - အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**တက်ထူးအောင် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

**(TET HTOO AUNG TRADING CO.,LTD)**

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ ဧပြီလ (၂၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **တက်ထူးအောင် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (TET HTOO AUNG TRADING CO.,LTD)** အား (၂၃. ၄. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးအားဟုံ
မန်နေးဂျင်းဒါရိုက်တာ
တက်ထူးအောင်ရောင်းဝယ်ရေး
ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ - ၂၀၈ (င) အရ ကြော်ငြာစာ

**Win Standard Engineering Company Limited**

(အစုရှယ်ယာရှင်များ၏ ဆန္ဒအရဖျက်သိမ်းဆဲ)

**နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ**

**Win Standard Engineering Company Limited** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

နေ့ရက် - ၃-၆-၂၀၁၅

အချိန် - နံနက် ၉း၃၀ နာရီ

နေရာ - စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း
အမှတ် (၈၃)၊ ၅ လွှာ (ဘီ)၊ ၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉၅၁၁၅၈၂၉

အဆိုပါ အစည်းအဝေးတွင် စာရင်းဖျက်သိမ်းရေးအရာရှိ၏ ရှင်းလင်းချက်များနှင့် နောက်ဆုံးအစီရင်ခံစာကို တင်ပြအတည်ပြုမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်အားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်ပွားစိန်
B.Com, C.P.A, D.B.L, Dip.IFR
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ - ၂၀၈ (င) အရ ကြော်ငြာစာ

**May Phue Nwe Trading Company Limited**

(အစုရှယ်ယာရှင်များ၏ ဆန္ဒအရဖျက်သိမ်းဆဲ)

**နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ**

**May Phue Nwe Trading Company Limited** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

နေ့ရက် - ၃-၆-၂၀၁၅

အချိန် - နံနက် ၉း၃၀ နာရီ

နေရာ - စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း
အမှတ် (၈၃)၊ ၅ လွှာ (ဘီ)၊ ၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉၅၁၁၅၈၂၉

အဆိုပါ အစည်းအဝေးတွင် စာရင်းဖျက်သိမ်းရေးအရာရှိ၏ ရှင်းလင်းချက်များနှင့် နောက်ဆုံးအစီရင်ခံစာကို တင်ပြအတည်ပြုမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်အားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်ပွားစိန်
B.Com, C.P.A, D.B.L, Dip.IFR
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## AYE & THET CONSTRUCTION COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံတော်ကုမ္ပဏီများအက်ဥပဒေပုဒ်မ၊ ၂၀၈-c အရ၊ ဖျက်သိမ်းဆဲ **AYE & THET CONSTRUCTION CO.,LTD** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ ။ ၂၀၁၅ ခုနှစ်၊ ဇွန်လ (၂) ရက်၊

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ၊

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

ဒေါ်သောင်းသောင်း
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ဝေါလ်ဘရီ(ဂျ်)ဆားဗစ်ဆစ်လီမိတက်
## (World Bridge Services Ltd.)

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ မေလ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဝေါလ်ဘရီ(ဂျ်)ဆားဗစ်ဆစ်လီမိတက် (World Bridge Services Ltd.)** အား (၂၃. ၄. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ပြီး ဦးမောင်မောင်ထိပ် (ဘီကွမ်း၊ စီပီအေ၊ ဒီအီးပီ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် (၂၃. ၄. ၂၀၁၅) ရက်နေ့တွင် ခန့်အပ်ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၁. ၆. ၂၀၁၅ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ပြီး တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ချောသဉ္ဇာမင်း
မန်နေးဂျင်းဒါရိုက်တာ
World Bridge Services Ltd.

ဦးမောင်မောင်ထိပ်
B.Com, C.P.A, D.E.P
အခန်းအမှတ် (၃-ဘီ)၊ တိုက်အမှတ် (၃၃)
ပွဲစားတန်းလမ်း၊ နတ်ချောင်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၂၀၉၁၀၄

ပ၊ စ၊ လ - အမှတ် ၆၇၀/၁၄/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၉၁/၁-၅-၂၀၁၅။